**ကာကွယ်ဆေး အချက်အလက်များဆိုင်ရာ ဖော်ပြချက်**

# Pneumococcal Polysaccharide Vaccine ကာကွယ်ဆေး (PPSV23) - *သင်သိထားရမည့် အကြောင်းအရာများ*

Many Vaccine Information Statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေးဆိုင်ရာ အချက်အလက် ဖော်ပြချက် အများအပြားကို မြန်မာဘာသာနှင့် အခြားသော ဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ။

## 1 ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

**Pneumococcal polysaccharide ကာကွယ်ဆေး (PPSV23)** သည် နျူမိုကောကပ်စ် ဗက်တီးရီးယားကြောင့် ဖြစ်ပေါ်သော ရောဂါ**အား ကာကွယ်ပေးနိုင်သည်**။

**နျူမိုကောကပ်စ် ဗက်တီးရီးယားကြောင့် ဖြစ်ပေါ်သော ရောဂါ** ဆိုသည်မှာ ၎င်းနျူမိုကောကပ်စ် ဗက်တီးရီးယားကြောင့် ဖြစ်ပေါ်သော ဖျားနာမကျန်းဖြစ်မှု မှန်သမျှကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤဘက်တီးရီးယားပိုးများသည် အဆုတ်အား ရောဂါပိုးကူးစက်မှုတစ်ခုဖြစ်သည့် အဆုတ်ရောင်ရောဂါ အပါအဝင် ဖျားနာမကျန်းဖြစ်မှု အမျိုးအစားများစွာကို ဖြစ်ပေါ်စေနိုင်သည်။ နျူမိုကောကပ်စ် ဗက်တီးရီးယားများသည် အဆုတ်ရောင်ရောဂါကိုဖြစ်စေသော အဓိကအကြောင်းအရင်းတစ်ခုဖြစ်သည်။

အဆုတ်ရောင်ရောဂါအပြင် နျူမိုကောကပ်စ် ဗက်တီးရီးယားများသည် အောက်ပါတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ပေသည် -

- နားရောဂါပိုးကူးစက်မှုများ
- နာခေါင်းလမ်းကြောင်း ရောဂါပိုးကူးစက်မှုများ
- ဦးနှောက်အမြှေးရောင်ရောဂါ (ဦးနှောက်နှင့် ကျောရိုးနာဗ်ကြောမအပေါ် လွှမ်းခြုံထားသည့် တစ်ရှူးများ ရောဂါပိုးကူးစက်ခံရမှု)
- သွေးထဲ၌ ဗက်တီးရီးယားပိုးများ ရှိနေခြင်း (သွေးလမ်းကြောင်း ရောဂါပိုးကူးစက်မှု)

မည်သူမဆိုသည် နျူမိုကောကပ်စ် ဗက်တီးရီးယားကြောင့် ဖြစ်ပေါ်သော ရောဂါအား ရရှိနိုင်ပြီး အသက် 2 နှစ်အောက် ကလေးများ၊ ကျန်းမာရေး အခြေအနေတစ်စုံတစ်ရာရှိသော ပုဂ္ဂိုလ်များ၊ အသက် 65 နှစ် သို့မဟုတ် ၎င်းအထက် လူကြီးများနှင့် စီးကရက် သောက်သုံးသူများတွင် ရောဂါဖြစ်နိုင်ခြေ ပိုမိုများပြားသည်။

နျူမိုကောကပ်စ် ဗက်တီးရီးယား ရောဂါပိုးကူးစက်မှု အများစုသည် အားအပျော့စားကူးစက်မှုသာဖြစ်သည်။ သို့သော်လည်း အချို့ကူးစက်မှုများမှာမူ ဦးနှောက်ပျက်စီးထိခိုက်မှု သို့မဟုတ် အကြားအာရုံဆုံးရှုံးမှု ကဲ့သို့သော ရေရှည်ပြဿနာများအား ဖန်တီးနိုင်သည်။ နျူမိုကောကပ်စ် ဗက်တီးရီးယား ကူးစက်မှု ရောဂါကြောင့် ဖြစ်ပေါ်သော ဦးနှောက် အမြှေးရောင်ရောဂါ၊ သွေးထဲ၌ ဗက်တီးရီးယားပိုးများ ရှိနေခြင်းနှင့် အဆုတ်ရောင်ရောဂါတို့သည် အသက်သေစေနိုင်လောက်သော ရောဂါများဖြစ်သည်။

## 2 PPSV23

PPSV23 သည် နျူမိုကောကပ်စ် ဗက်တီးရီးယား ကူးစက်မှု ရောဂါအား ဖြစ်ပွားစေနိုင်သည့် ဗက်တီးရီးယား အမျိုးအစားပေါင်း 23 မျိုးမှ ကာကွယ်ပေးသည်။

PPSV23 အား အောက်ဖော်ပြပါပုဂ္ဂိုလ်များအတွက် ထောက်ခံအကြံပြုအပ်ပါသည် -

- အားလုံးသော **အသက် 65 နှစ် နှင့် ၎င်းအထက် လူကြီးများ၊**
- **နျူမိုကောကပ်စ် ဗက်တီးရီးယား ကူးစက်မှုရောဂါ ဖြစ်နိုင်ခြေများသော အခြေအနေသို့ ဦးတည်သွားနိုင်သည့် ကျန်းမာရေးပြဿနာ တစ်စုံတစ်ရာရှိနေသည့် အသက် 2 နှစ် သို့မဟုတ် အထက် မည်သူကိုမဆို။**



U.S. Department of Health and Human Services
Centers for Disease Control and Prevention

လူအများစုသည် PPSV23 ဆေးတစ်ကြိမ်သာ ရယူရန်လိုအပ်သည်။ အချို့သော ဤရောဂါ ဖြစ်နိုင်ခြေအန္တရာယ်များသူများအတွက်မူ PPSV23 ဒုတိယအကြိမ်နှင့် နျူမိုကောကယ်လ် ကာကွယ်ဆေးအမျိုးအစား နောက်တစ်မျိုးဖြစ်သည့် PCV13 အား အကြံပြုထောက်ခံအပ်ပါသည်။ သင့်ကျန်းမာရေး စောင့်ရှောက်သူမှ အသေးစိတ် အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

အသက် 65 နှစ်နှင့်အထက်ရှိသူများသည် ၎င်းတို့ အသက် 65 နှစ် မပြည့်မီက ကာကွယ်ဆေး ဆေးတစ်ကြိမ် သို့မဟုတ် တစ်ကြိမ်ထက်ပို၍ ရယူထားပြီးဖြစ်သည့်တိုင် PPSV23 နောက်ထပ်ဆေးတစ်ကြိမ်အား ထပ်မံရယူရန်လိုအပ်ပါသည်။

## 3 သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူဖြင့် ပြောဆိုဆွေးနွေးပါ

အကယ်၍ ကာကွယ်ဆေးထိုးမည်ဆိုလျှင် သင်၏ ကာကွယ်ဆေးထိုးပေးမည့်သူထံသို့ အောက်ပါအချက်များအား ပြောပြပါ -

- ယခင်တစ်ခါ **PPSV23 ဆေးတစ်ဖုံအား ရယူပြီးနောက် ဓါတ်မတည့်သည့် တုန့်ပြန်မှု**ဖြစ်ခဲ့ဖူးခြင်း သို့မဟုတ် **ပြင်းထန်သော အသက်အန္တရာယ် ချိန်းခြောက်သည်အထိ ဓါတ်တုန့်ပြန်မှုတစ်စုံတစ်ရာ ဖြစ်ခဲ့ဖူးခြင်း ရှိခဲ့လျှင်**။

အချို့သော ဖြစ်ရပ်များတွင် သင်၏ ကျန်းမာရေး စောင့်ရှောက်သူသည် PPSV23 ကာကွယ်ဆေး ရယူမှုကို အခြားတစ်ရက်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

အအေးမိခြင်း ကဲ့သို့ အသေးစား နာမကျန်းမှုရှိသူများသည် ကာကွယ်ဆေး ထိုးနှံခြင်းပြုလုပ်နိုင်ပါသည်။ အသင့်အတင့် သို့မဟုတ် အပြင်းအထန် နေမကောင်းသူများသည် PPSV23 ကာကွယ်ဆေး မရယူမီ ၎င်းတို့ နေပြန်ကောင်းလာသည်အထိ စောင့်သင့်သည်။

သင့်ကျန်းမာရေး စောင့်ရှောက်သူမှ အသေးစိတ် အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

## 4 ကာကွယ်ဆေးတုံ့ပြန်မှုအန္တရာယ်များ

- ကာကွယ်ဆေးထိုးထားသည့် နေရာတွင် နီမြန်းခြင်း နှင့် နာကျင်ခြင်း၊ ပင်ပန်းနွမ်းနယ်မှုအား ခံစားရခြင်း၊ အဖျားတက်ခြင်း သို့မဟုတ် ကြွက်သား နာကျင်ကိုက်ခဲခြင်းတို့သည် PPSV23 ရယူပြီးနောက်ပိုင်း ဖြစ်ပေါ်နိုင်ပါသည်။

ကာကွယ်ဆေးထိုးခြင်း အပါအဝင် ဆေးဝါးကုသမှုများအပြီးတွင် လူတို့သည် တစ်ခါတစ်ရံတွင် မူးဝေလဲကျတတ်ပါသည်။ သင်မူးဝေခြင်း၊ အမြင်အာရုံ ပြောင်းလဲခြင်း သို့မဟုတ် နားထဲမှတစီစီမြည်ခြင်းဖြစ်ပါက သင့်ဆရာဝန်အား ပြောပြပါ။

အခြားသောဆေးဝါးများကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သောဓါတ်မတည့်ခြင်း၊ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလွန့်အလွန်နည်းပါးသည်။

## 5 ပြင်းထန်သော တုံ့ပြန်မှု ပြဿနာများ ဖြစ်ပေါ်လာခဲ့လျှင် မည်သို့ ဆောင်ရွက်ရမည်နည်း။

ကာကွယ်ဆေးထိုးထားသူသည် ဆေးခန်းမှ ထွက်ခွာပြီးနောက် ဓာတ်မတည့်တုန့်ပြန်မှု ရရှိနိုင်သည်။ သင်သည် ပြင်းထန်သော ဓာတ်မတည့် တုန့်ပြန်မှု လက္ခဏာများ (အနီပြင်ထခြင်း၊ မျက်နှာနှင့် လည်ပင်းများ ဖောင်းလာခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အားမရှိခြင်း) တို့ကို တွေ့ ရှိရပါက **9-1-1** သို့ ခေါ်ဆိုပြီး၊ ၎င်းပုဂ္ဂိုလ်အား အနီးဆုံး ဆေးရုံသို့ ပို့ပါ။

အခြားသော လက္ခဏာများအတွက် စိတ်ပူပါက သင်၏ ကျန်းမာရေး စောင့်ရှောက်သူထံ ဖုန်းခေါ်ပါ။

ဓာတ်မတည့်သည့် တုံ့ပြန်မှုများအား Vaccine Adverse Event Reporting System (VAERS) (ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး အဖြစ်အပျက် တိုင်ကြားရန် စနစ်) သို့ တင်ပြသင့်သည်။ သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူသည် ပုံမှန်အားဖြင့် ဤအစီရင်ခံစာကို တင်ပြမည်ဖြစ်သည်

သို့မဟုတ်ပါက သင်ကိုယ်တိုင် လုပ်ဆောင်နိုင်ပေသည်။ VAERS ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.vaers.hhs.gov** သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် **1-800-822-7967**သို့ ခေါ် ဆိုပါ။ *VAERS သည် ဓါတ်မတည့်တုံ့ပြန်မှုများကို အစီရင်ခံရန်အတွက်သာ ဖြစ်ပြီး၊ VAERS ဝန်ထမ်းများသည် ဆေးဖက်ဆိုင်ရာ အကြံပေးခြင်းများ မပြုလုပ်ပါ။*

## 6 ပိုမိုလေ့လာနိုင်ရန်

- သင့်ကျန်းမာရေး စောင့်ရှောက်သူထံ မေးမြန်းပါ။
- သင့်ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ် ဆိုပါ။
- Centers for Disease Control and Prevention (CDC) (ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - ဖုန်းခေါ် ဆိုရန် **1-800-232-4636 (1-800-CDC-INFO)** သို့မဟုတ်
  - CDC ၏ ဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုရန် **www.cdc.gov/vaccines**



Translation provided by the Immunization Action Coalition